# “ကုသိုလ် နှင့် အကုသိုလ်”

မိမိ တို့သည် မွေးသည်မှ သေသည်ထိ ဘဝတစ်လျှောက်လုံး အလုပ်များကို ဆက်တိုက်လုပ်ကြ၏။ ကြားပြတ်သည်ဟူ၍မရှိပါ။ အလုပ် ကိုပါဠိဝေါဟာရဖြင့် “ကံ” ဟုဆိုရ၏။ ကိုယ်ဖြင့်လုပ်လျှင် ကာယကံ၊ နှုတ်ဖြင့်လုပ်လျှင် ဝစီကံ၊ စိတ်ဖြင့်လုပ်လျှင် မနောကံ ဟုခေါ်၏။

ထို ကာယကံ၊ ဝစီကံ၊ မနောကံ တို့သည် တစ်ခုမဟုတ်တစ်ခု မိမိ တို့၏ သန္တာန်၌ အမြဲ တစေ ဖြစ်ပေါ်လျက်ရှိကြသည်။ ယခု ပစ္စုပ္ပန် ဘဝ၌သာမဟုတ်၊ အစ မထင်သော သံသရာ ဘဝ တိုင်း ဘဝ တိုင်း၌လည်းဖြစ်ပေါ်ခဲ့သည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ဘဝပြတ်သည့် ကာလ အထိ အနာဂတ် ဘဝ တိုင်းတွင်လည်း ဖြစ်နေအုံး မည်ဖြစ်သည်။ မိမိ တို့ အသက်ရှင်နေသရွေ့ကာလပတ်လုံး အလုပ်သုံးမျိုးတို့တွင် တစ်မျိုးမျိုး ကို ရှောင်လွှဲ၍မရပဲ လုပ်နေကြရမည်သာဖြစ်သည်။

ဤသို့ လုပ်နေရခြင်းသည်ပင် ဘဝ၏ အနက်၊ အဓိပ္ပါယ် ဟုခေါ်၏။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌မူ ဘဝ ကို ကမ္မဘဝ နှင့် ဥပပတ္တိဘဝ၊ သို့မဟုတ် အကြောင်းဘဝ နှင့် အကျိုးဘဝ ဟူ၍ နှစ်မျိုးခွဲဟောကြားထားသည်။ အကြောင်းဘဝ သည် အလုပ် ဖြစ်၏။ အကျိုးဘဝ သည် သတ္တဝါ ဖြစ်၏။

မိမိ တို့သည် အကျိုးဘဝ အရ ဝိပါက်ပဋိသန္ဓေစိတ်ဖြင့် သတ္တဝါ ဟူ၍ဖြစ်လာသည် နှင့် တစ်ပြိုင်နက် မကောင်းသောအလုပ် ကိုစတင်၍ လုပ်ရသည်။ မကောင်းသောအလုပ် ဆိုသည်မှာ ပဋိသန္ဓေ နောင် ပထမဦးဆုံး **လောဘဇော** စောခြင်းဖြစ်သည်။ ထို လောဘဇော၌ စေတနာ ယှဉ်လျက်ပါသည်။ **စေတနာ** သည် တနည်း **ကံ** ပင်ဖြစ်သည်။ အဘိဓမ္မာ ဒေသနာတော်အရ လူ ဖြစ်စေ၊ နတ် ဖြစ်စေ၊ ဗြဟ္မာ ဖြစ်စေ သတ္တဝါဟူသမျှ မည်သူမဆို ဘဝ တွင် လောဘ ဖြင့်အလုပ်ကို စတင် သူများဖြစ်ကြသည် ။ **ကောင်းသော ကံ ကို ကုသိုလ် ဟုခေါ်ပြီး မကောင်းသော ကံ ကို အကုသိုလ် ဟုခေါ်သည်။**

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတွင် အခြေခံအကျဆုံးတရားတော်သည် ကံနှင့်ကံအကျိုးပေးကိုယုံကြည်သော “ကမ္မဿကတာသမ္မာဒိဋ္ဌိ” ဖြစ်သည်။ ယနေ့ခေတ်၊ကာလတွင် လူအများတို့သည် ကံ နှင့်ပတ်သက်ပြီးပြောဆိုကြရာ၌ ကံ ကိုရှေ့တန်းမှာမထားပဲ၊ နောက်ပို့နေသည်ကိုတွေ့ရပါသည်။ “ကံ ကိုချည်းမယုံပါနှင့်၊ ဉာဏ်နှင့်ဝီရိယ ကိုလည်းအားကိုးပါအုံး၊” “ကံကိုယုံ၊ ဆူးပုံမနင်းနဲ့”စသည်ဖြင့် ကံ ကိုပစ်ပယ်ပြီး၊နောက်တန်းပို့ပြီးပြောဆိုတတ်ကြသည်။ အမှန်တကယ် ဘုရားရှင်ဟောကြားခဲ့သည်မှာ **“သဗ္ဗေသတ္တာ ကမ္မဿကာ၊ ကမ္မဒါယာဒါ၊ ကမ္မယောနီ၊ ကမ္မဗန္ဓူ၊ ကမ္မပ္ပဋိသရဏာ ယံကမ္မံကရိဿတိ ကလျာဏံဝါ၊ ပါပကံဝါ တဿ ဒါယာဒေါ ဘဝိဿတိ”** ဟုဟောကြားခဲ့ပါသည်။ အဓိပ္ပါယ်ကတော့ **“ခပ်သိမ်းကုန်**

**သော သတ္တဝါတို့သည် ကံ ကိုပင်ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ကံ ၏အမွေခံဖြစ်၏၊ ကံ သာလျှင် အကြောင်းရှိ၏၊ ကံ သာလျှင်အဆွေအမျိုးရှိ၏၊ ကံ သာလျှင်ကိုးကွယ်မှီခိုရာရှိ၏၊ ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိပြုမိသော ကံ ၏ အမွေခံ သာဖြစ်ရပေမည်”** ဟုဖြစ်ပါသည်။

မြတ်စွာဘုရားရှင်တို့ ဟောကြားတော်မူသော တရားတော်တို့မည်သည်မှာ **“လိုတယ် ဆိုပြီးဖြည့်စွက်နိုင်သော ပုဂ္ဂိုလ်၊ ပိုတယ်ဆိုပြီးနုတ်ပယ်နိုင်သော ပုဂ္ဂိုလ် ကို ငါ ဘုရားရှင်သည် ဤစကြာဝဠာ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၌ မမြင်ပါ၊ မရှိပါ”** ဟုအမိန့်ရှိခဲ့ဖူး ပါသည်။ သို့ဖြစ်၍ တချို့ပညာရှင်များသည် စေတနာလွန်ကဲပြီး “ကံ ကိုချည်းမယုံပါနှင့်၊ ဉာဏ်နှင့်ဝီရိယ ကိုလည်းအားကိုးပါအုံး၊” ဟုပြောခြင်းဖြစ်ပါသည်။ **မြတ်စွာဘုရားရှင်ဟော တော်မူသော ကံ ဆိုသည်ကို သေချာစွာနားလည်အောင် ကြိုးစားဖို့ လိုအပ်ပါသည်။**

အထက်မှာဆိုခဲ့သည့်အတိုင်း ကံ ဆိုသည်မှာ အလုပ် ဖြစ်ပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ (၃)မျိုးရှိရာမှာ အားအကြီးဆုံးသည် မနောကံ ဖြစ်ပါသည်။ **ကံ ဟုဆိုရာ၌ ဉာဏ်နှင့်ဝီရိယ သည် ပေါင်းစပ်ပါဝင်ပြီးဖြစ်သည်။** အဘယ်ကြောင့်ဆိုသော် အလုပ် တစ်ခု ကို ပြုလုပ်ပါက ဉာဏ်မကူပဲ၊ ဝီရိယ မစိုက်ထုတ်ပဲ မည်သို့မျှ ဖြစ်မြောက်မည်မဟုတ်ပါ။

သို့သော် **ပြုလုပ်ခြင်း ကံ ဆိုသည့်အထဲ ဉာဏ်၊ ဝီရိယ ပါဝင်ပေါင်းစပ်မှုမရှိပဲ မောဟ၊ ဒေါသ၊ မာန စသည်တို့ ပါဝင်ပေါင်းစပ်လျှင် ထို ကံ ကိုမကောင်းသော ကံ** ဟုနားလည် သဘော ပေါက်သင့် ပါသည်။ ကောင်းသောပြုလုပ်မှု ကံ ကြောင့် ကောင်းကျိုးရပါသည်။ မကောင်းသောပြုလုပ်မှု ကံ ကြောင့် မကောင်းကျိုးရပါသည်။

တဖန် ဘုရားရှင်က ကံ ကိုဟောကြားခဲ့သည်မှာ **“စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ”** လို့ဟောကြားခဲ့ပါသည်။ အဓိပ္ပါယ်ကတော့ **ဘိက္ခဝေ=ချစ်သား၊ချစ်သမီးတို့၊ စေတနာ=စေ့ဆော်တဲ့သဘောတရား ဆိုတဲ့တရားကို၊ အဟံ=ငါသည်၊ ကမ္မံ=ပြုလုပ်ခြင်းဟူ၍၊ ဝဒါမိ=ဆိုတယ် …** ဖြစ်ပါသည်။ .

တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးကလည်း “ **စေတနာကောင်းရင် ကံ ကောင်းမယ်၊ ကံ ကောင်းရင် ဘဝအကျိုးပေးကောင်းလိမ့်မယ်၊ စေတနာညံ့ရင် ကံ ညံ့မယ်၊ ဘဝအကျိုးပေးလည်း ညံ့လိမ့်မယ်၊ စေတနာကောက်ကွေ့ရင် ကံ ဟာ ကောက်ကွေ့လိမ့်မယ်၊ ဘဝအကျိုးပေးလည်း ကောက်ကွေ့လိမ့်မယ်၊ စေတနာဖြောင့်ရင် ကံ ဖြောင့်လို့ ဘဝအကျိုးပေးလည်း ဖြောင့်လိမ့်မယ်၊ စေတနာဟာ အင်မတန် ယုတ်ညံ့လို့ရှိရင်၊ ကံ ယုတ်ညံ့လို့၊ ဘဝအကျိုးပေးလည်း ယုတ်ညံ့လိမ့်မယ်၊ စေတနာမြင့်မြတ်လို့ရှိရင် ကံ မြင့်မြတ်လို့ ဘဝအကျိုး ပေးလည်း မြင့်မြတ် လိမ့်မယ်”** ဟုဟောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကောင်းသောအလုပ်၊ ကောင်းသော စေတနာ၊ ကောင်းသော ကံ သည် ကုသိုလ် ဖြစ်၍ မကောင်းသောအလုပ်၊ မကောင်းသော စေတနာ၊ မကောင်းသော ကံ သည် အကုသိုလ် ဖြစ် ပါသည်။

သို့ရာတွင် မိမိတို့သည် ငယ်စဉ်မှပင် ထို အသုံး၊အနှုန်း စကားလုံး များကို ကြားဖူးနေကြဖြစ်သော်လည်း ကုသိုလ်၊ အကုသိုလ် ဓါတ်သဘောတွေ ကို တကယ် ပင် သိပါသလားဟု မိမိ ကိုယ် မိမိ ဆန်းစစ်ဖို့လိုပါသည်။ မိမိ တို့အားလုံးသည် ကုသိုလ်၊ အကုသိုလ် ဓါတ်သဘောတွေ ကို တကယ်သိ သည့်အထဲတွင် မပါပါ။

ယော ဆရာတော်ဘုရားကြီး၏ ရှင်းပြချက်အရ သဒ္ဒါအဆင့်၊ ယုံကြည်မှု အဆင့်ဖြင့်သာ သိကြပါသည်။ ဆရာတော်ဘုရားကြီးက အားလုံးကို မေးပါသည်၊ မင်းတို့ ကမ္ဘာ့ မြေပုံကြီး ကိုယုံကြသလား? အားလုံးက ယုံပါတယ်ဘုရားဟု ဖြေကြပါသည်၊ ဆရာတော်ဘုရားကြီးက ဆက်မေးပါသည်၊ ယုံရအောင် ကမ္ဘာအနှံ့ ကို ကိုယ် တိုင် ရောက်ဖူးသလား? အားလုံးက မရောက်ဖူးပါဘုရား ဟု ဖြေကြပါသည်၊ ရောက်ဖူးတာဝေး လို့ ကောင်းကင်ကြီးကနေ ကမ္ဘာအနှံ့ ကို ကိုယ်တိုင်မြင်ဖူးသလား ဟု ဆက်မေးပါသည်၊ မမြင်ဖူးပါဘုရား ဟုအားလုံးကဖြေကြပါသည်၊ မမြင်ပဲနဲ့ ယုံကြည်နေတာ၊ သို့သော် အစိတ်အပိုင်း တစ်ခုတော့ ရောက်ဖူးကြတယ်၊ အဲဒီ အစိတ်အပိုင်း သည်မြေပုံထဲကအတိုင်း မှန်နေသောကြောင့် ကျန်သော အစိတ်အပိုင်းတွေသည်လည်း မှန်လိမ့်မည်ဟု မမြင်သော်လည်း လက်ခံ ယုံကြည်ထားတာ ကို **သဒ္ဒါ** လို့ခေါ်တယ် လို့ရှင်းပြတော်မူခဲ့ပါသည်။

**သဒ္ဒါ ဆိုသည်မှာ အကုန်လုံးကို ကိုယ်တိုင်သိခြင်းမဟုတ်၊ အစိတ်အပိုင်းတစ်ခု ကိုသိသောကြောင့် ယုံကြည်လောက်တဲ့ အခိုင်အမာ သက်သေဖြစ်သောကြောင့် ကိုယ်တိုင် မသိသော်လည်း ယုံကြည်တာကိုခေါ်ပါသည်။**

**ကုသိုလ်၊ အကုသိုလ် ဓါတ်သဘောတို့ရဲ့ နက်ရှိုင်းပုံကို အကြွင်းမဲ့သိတာ၊ အမှန် တကယ် သိတာ မြတ်စွာဘုရားတစ်ပါးတည်းသာရှိပါသည်။**

"ရေတစ်ခွက် ကို ကိုယ့်လက်နဲ့ ကိုယ်ယူသောက် လို့ရတယ်" ဟုထင်လျှင် ဘုရားဟောတာနှင့် ဆန့်ကျင်ဖက်ဖြစ်နေပါလိမ့်မည်။ မိမိ တို့အသွေးအသားချဉ်ဆီဓါတ်မှာ ရေခွက်ကိုသောက်နိုင်လောက်တဲ့ "ကုသိုလ်ဓါတ်စွမ်းအားရှိ လို့သောက်ရတာပါ"။

သက်သေ ပြပါဆိုရင်တော့ သီဟိုဠ် ခေတ်က မိလိက္ခမှဆိုး ကို သက်သေပြရပါမည်။ သူသည် နှစ်ပေါင်း ခြောက်ဆယ်၊ အဘိုးအဘွားများလက်ထက်ကစ၍ မုဆိုးလုပ် လာသူ ဖြစ်သည်။ ထောင်ချောက် တွေ အများကြီးဆင်ကာ၊ မနက်မိုးလင်းရင်ပဲ သေလုမျောပါး အကောင်လေးတွေကို ကိုယ်တိုင် သတ်ဖြတ်၊ မီးကင်စားတာစား၊ ရောင်းတာရောင်း စသည်ဖြင့်ပြုလုပ်လာခဲ့သည်။ နှစ်ပေါင်း ခြောက်ဆယ်ကြာသော် သူ၏အသွေးအသားမှာ ကုသိုလ်ဓါတ်ကုန်ပြီး သတ်ဖြတ်သော စေတနာ သတ္တိတွေသာ အများကြီးကိန်းနေတော့သည်။ တစ်နေ့မှာတော့ သားငါးထမ်းပြီး နေ့ခင်းဖက် မောမောနဲ့ပြန်လာရာ တောကျောင်းတစ်ခု မှာရေဝင်သောက်၏။ ခါတိုင်းလဲ ဒီနေရာရောက်ရင် ရေဝင်သောက်နေကြဖြစ်၏။

သို့သော် ယနေ့မှာတော့ ရေခပ်လိုက်လျှင် ပါမလာပဲ ရေပျောက်သွားသည်။ ဒါကို သူက "ရဟန်းတွေဟာ သူများလှူတာစားပြီး ရေခပ် ဖေါ်တောင်မရဘူး" ဟု မြည်တွန်တော့သည်။ ထိုစဉ်မှာပင် ကျောင်းထဲမှ ရဟန္တာကြီး တစ်ပါး ထွက်လာကာ

သူ့ရှေ့မှာရေခပ်ပြတော့၊ ရေကရှိနေသည်၊ သူခပ်ရင်တော့မရပါ။ ဒီတော့ ထိုရဟန္တာကြီးက “ဟဲ့ ဒကာ၊နင့်မှာ အကုသိုလ်ဓါတ်တွေဘယ်လောက်များလဲဆိုတာ၊ ရေတောင် ပျောက်ပါပေါ့လား”ဟု ပြောမှ မုဆိုးသည်ကြောက်လန့် ပြီး သံဝေဂရကာ မုဆိုးဘဝမှ ရဟန်း ဘဝသို့ကူးပြောင်း သွား လေ သည်။ သို့ဖြစ်ပါ၍ “ကိုယ့်ရဲ့သွေးသားချဉ်ဆီမှာ ရေကိုသောက်နိုင် တဲ့သတ္တိကုန်သွားရင် သောက်လို့မရနိုင်ဘူး” လို့မှတ်ပါ။

ထို့ကြောင့် မိမိတို့ အားလုံးရဲ့ သဏ္ဍာန်မှာ ကုသိုလ်ဓါတ် ရှိနေပါသည်။ ထိုကုသိုလ်ဓါတ် ကိုမိမိတို့ ဘယ်လိုသိနိုင်မလဲ ဟုစစ်ဆေးရပါလိမ့်မည်။ ရောမခေတ်က ဂရိပညာရှင်ကြီး ဆိုကရေးတီး က တကယ်ရှိတဲ့ တရားဆိုရင် မေးခွန်း(၄)ခု နဲ့ တိုက်ကြည့်ရင် ဖြေနိုင်ရမယ် လို့ဆိုပါသည်။ ဒီနေရာမှာ **“တရားသား နှင့် စကားလုံး”** ကို ကွဲကွဲပြားပြားသိဖို့အရေးကြီးပါသည်။ ဥပမာ-နားရွက် ဆိုတာသည် **“စကားလုံး”** ဖြစ်သည်။ အခေါ်ခံရသောပစ္စည်း က ကျွန်တော်သည် နားရွက်ပါ ဟုစကားမပြောပါ။ **“စကားလုံး”** တို့မည်သည်မှာ စကားမပြောတတ်သောအရာများကို တဖက်သားနားလည်အောင် **“သမုတ်”** ခြင်းသာဖြစ်သည်။ ကုလား ကလည်း ကုလားလို၊ အင်္ဂလိပ် ကလဲ အင်္ဂလိပ် လို နားလည်အောင် ခေါ်ကြခြင်းဖြစ်သည်။ ထိုနည်းတူစွာပဲ ဘုရားရှင် ကလည်း ကိုယ့် သဏ္ဍာန်မှာ စကားမပြောပဲနဲ့ ဖြစ်ပေါ်နေသော ဓါတ်သဘော တစ်ခုကို **“ကုသိုလ်ဓါတ်”** လို့အမည်ပေးထားခြင်းဖြစ်သည်။

ထို့အတွက်ကြောင့် ၎င်း “ကုသိုလ်ဓါတ်” လို့ အမည်ပေးခံရသောဓါတ်သဘောသည်

၁။ ဘာကိုခေါ်သလဲ?
၂။ ဘယ်အချိန်မှာဖြစ်ပေါ်သလဲ?
၃။ ဘယ်နေရာမှာဖြစ်ပေါ်သလဲ?
၄။ ဘယ်အကြောင်း ကြောင့်ဖြစ်ပေါ်သလဲ?

အင်္ဂလိပ် ဘာသာ အရဆိုလျှင်
၁။ What?
၂။ When?
၃။ Where?
၄။ Why? ဆိုသည့် မေးခွန်း(၄)ခု နှင့် စစ်ဆေးရလိမ့်မည်။

ဒီ မေးခွန်း(၄)ခု ကို မဖြေနိုင်လျှင် “ကုသိုလ်ဓါတ်” သည်အမှန်တကယ်မရှိသောအရာဖြစ်ပြီး ဖြေနိုင်လျှင်ကား အမှန်တကယ် ရှိသောအရာဖြစ်ပေသည်။

မြတ်စွာဘုရားရှင်သည် ကုသိုလ်ဓါတ် သည် အမှန်တကယ်ရှိသောအရာဖြစ်သည် ဟုဟော ထားသောကြောင့် ဒီ မေးခွန်း(၄)ခု လုံး၏ အဖြေကို ထုတ်နိုင်ပါသည်။ ထိုသို့ မေးခွန်း(၄)ခု လုံး ကို ဖြေနိုင်ရင်တောင်မှ မိမိတို့သည် "သဒ္ဓါ" အဆင့်မှာပင်ရှိသေးသည်ဟု မှတ်ရပါမည်။ လေးသင်္ချေ နှင့် ကမ္ဘာ တစ်သိန်း ပါရမီ ဖြည့်ထား၍ လက္ခဏာတော် ၃၂ ပါး ပြည့်စုံသော မြတ်စွာဘုရားရှင်၊ အတုမရှိ ဉာဏ်တော်ပိုင်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမှန်တကယ် သိမြင်ပြီးဟောထားသော အရာကိုမိမိတို့အနေဖြင့် ယုံကြည်စွာလက်ခံ ကျင့်သုံးပါက အမှန်တကယ် ချမ်းသာမည်ဖြစ်ပါသည်။

ကုသိုလ်ဓါတ်

↓

စကားမပြော

↓

အရသာ — ကိုင်တွယ်၍မရ

↓

မျက်စိနှင့်မမြင်ရ

↓

ခံစားမှုနှင့်သိနိုင်

ဥပမာ- ဆား အရသာသည် ကိုင်ပြ၍မရပါ။ စားသောအခါမှ လျှာပေါ်တွင် ရုပ်၊ နာမ်ပေါင်း လောင်၍ ငံ သောအရသာပေါ်လာပေသည်။ ထို အရသာ သည် ကျွန်တော်ဟာ ဆားအရသာ ငံ တာပါ ဟုစကားမပြောပါ။ ကိုင်ကြည့်လို့လဲမရပါ။ မျက်စိဖြင့်လည်းမမြင်ရပါ။ ထို့ကြောင့် **"ကုသိုလ်၊ အကုသိုလ်ဓါတ်သဘော သည် ခံစားမှုဖြင့်သာ ခွဲခြားသိနိုင်တယ်"** လို့မှတ်ရမည်။

ဒါဖြင့် ထို ခံစားမှုသည် ဘယ်အချိန်မှာပေါ်လဲ? ဘယ်နေရာမှာပေါ်လဲ? ဆိုသည်ကို ရှာရပေမည်။ ဆား အရသာသည် စားနေသောအချိန်၊ လျှာပေါ်၌ ခံစားမှုနှင့်သိရသည်။ **ထို့အတူ ကုသိုလ်၊ အကုသိုလ်ဓါတ် သည် စိတ် က အာရုံ ကိုကျက်စားချိန်၊ စိတ်မှီတဲ့ ဘဝင် မှာပေါ်ခြင်း ဖြစ်ပါသည်။** သို့ဖြစ်ပါ၍စိတ်အကြောင်းကို အရင်ဆုံးသိအောင်ကြိုးစားသင့်ပါသည်။

စိတ်ရဲ့စတင်ဖြစ်ပေါ်သည့်နေရာကို ဆေးပညာရှင်များက ဦးနှောက်မှ စသည်ဟုဆို ကြသည်။ မြတ်စွာဘုရားက နှလုံးအိမ်မှ ဖြစ်သည်ဟုဆိုသည်။

ဓမ္မပဒ ကျမ်းတွင်ပါရှိသော ဘုရားဟောမှာကား.....

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

အနက်အဓိပ္ပါယ် မှာကား

ဒူရင်္ဂမံ - ဝေးနီးစကြာဝဠာ ကမ္ဘာမိုးမြေကွာခြားဝေးလည်း၊ သွားလိုရာသို့ ခဏချက်ချင်း လက်ငင်းမကွာ၊ ယခုပင်သွားနိုင်ပေထသော။

ဂုဟာသယံ - ဟဒယ ဝတ္ထုဟူသော လိုဏ်ဂူ၌ ကိန်းအောင်းတတ်သော။

ဧကစာရံ - အဖော်မမှီး၊ တစ်ဦးတည်းကျက်စားလေ့ရှိသော။

စိတ္တံ - ရူပါရုံနှင့်တွေ့လျှင် ရူပတဏှာ (ပ) ဖောဋ္ဌဗ္ဗတဏှာ၊ အာရုံတွေ့တိုင်း၊ ကိလေသာ တွေ၊ ယိုဖိတ်တတ်ထသော စိတ် ကို။

ယေ - အကြင်ဝိပဿနာမှီ ပုဂ္ဂိုလ်တို့သည်။

သံယမေဿန္တိ - သမထ၊ ဝိပဿနာထိန်းသိမ်းစောင့်ရှောက်တတ်ကုန်၏။

တေ - ထိုသူတို့သည်

မာရဗန္ဓနာ - တစ်ထောင့်ငါးရာကိလေသာမင်း မာရ်ဖွဲ့ခြင်းမှ။

မောက္ခ န္တိ - သောတာပန်(ပ)ရဟန္တာဖြစ်လို့မို့ စင်စစ်မသွေ လွတ်မြောက် ကြကုန်လေသတည်း။

မြန်မာလိုပြန်ရရင်ဖြင့် အလွန်တရာဝေးသောအရပ်မှ အာရုံကိုလည်း ဆွဲယူကျက်စားနိုင်သည်။ အထည်ကိုယ်ကောင်မရှိပါ။ နှလုံးသား တည်းဟူသော လိုဏ်ဂူထဲမှာ မှီနေပါသည်။ တစ်ခါပေါ် လျှင် တစ်စိတ်တည်းသာပေါ်သည်။ အလွန်မြန်၍ဆက်နေသည်ဟုထင်ရသည်။ ထို စိတ် ကို ဆုံးမနိုင်လျှင် သေခြင်းကင်းရာ ရောက်မည် ဟုဆိုသည်။

ဥပမာ-ထိုင်နေရင်းနဲ့ ကျိုက်ထီးရိုးဘုရား ကိုတွေးကြည့်ပါ။ မကြည့်ပဲနဲ့ ကိုပေါ်လာပါသည်။ ထို့အပြင် ကိုယ်နေတဲ့အိမ် ဟုကြားသည်နှင့် အခန်းတွေဖွဲ့ထားပုံ၊ စားပွဲ ထိုင်ခုံ အပြင်အဆင်၊ နံရံတွေကို ဆေး ဘာအရောင်သုတ်ထားသည်က အစ ပေါ်လာပါသည်။ မျက်စိဖြင့်မြင်ရခြင်း မဟုတ်ပဲ စိတ် ကဖွဲ့လိုက်ခြင်းဖြစ်သည်။ တီဗွီစက် ရုပ်သံဖမ်းသလို ဖွဲ့ခြင်းဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီး ကတော့ တီဗွီမပေါ်သေး၍ **“မှန်ထောင်သကဲ့သို့”** ဟုဥပမာ ပေးခဲ့ပါသည်။ ပေါ်လာတဲ့ အရိပ်အမူအယာတွေကို နောက်စိတ် ကအကောင်အထည် ဖေါ်ပြီး ဆက်တွေးတဲ့အခါ ရုပ်ရှင်ကြည့်သလို ဖလင်ကွက်များဆက်သလိုဆက်တော့မှ အသက်ဝင်ပြီး လှုပ်ရှားလာတာဖြစ်ပါသည်။

ထိုစိတ်သည် နှလုံးအိမ်၏အဖျားပိုင်းတွင် အနည်းငယ်သောသွေး၌ မှီပါသည်။ ထိုသွေးသည် ငြိမ်မနေပဲ လှည့်ပတ်နေပါသည်။ ထိုသွေးထဲ၌ စိတ်ကို ဆောင်သောရုပ်ရှိသည်။ ထိုရုပ်၏ မှီရာ ကား ဟဒယ ဝတ္ထုဖြစ်၏။ အိပ်ပျော်နေချိန်တွင် ဘဝင်စိတ် ဖြစ်နေ၏။ မျက်တောင်တခတ်တွင် ကုဋေပေါင်းတစ်သိန်းကျော်ချုပ်ပျောက်သွားပါသည်။

သည့်မျှလောက်သေးငယ်သော အချိန်မှာ အလွန်တရာများပြားလှသည့် ကြိမ်နှုန်းကို မြတ်စွာဘုရား၏ဉာဏ်တော်မှသာ ရေနိုင်ခြင်းဖြစ်၏။

ထိုနှလုံးသွေးသည် နှလုံးအိမ်မှတဆင့် ဦးဏှောက် နှင့် အာရုံကြောများ သို့လည်းရောက်ပါသည်။ ထိုနေရာမှထွက်သော လျှပ်စစ်ဓါတ်သဘောသည် ဦးဏှောက်မှတဆင့် အာရုံကြောများ သို့လည်းဆက်သွယ်ထားပါသည်။ မိမိတို့ရဲ့ ကိုယ်ခန္ဓာ နောက်ကျောပိုင်းမှာ ရှိသည့် အာရုံကြောမကြီးသည် အာရုံကြောပေါင်းများစွာနှင့် ဝါယာကြိုးဆက်သကဲ့သို့ တစ်ကိုယ်လုံး သို့ဆက်ထားပါသည်။

ဘုရားရှင်ရဲ့အလိုအတိုင်းဆိုရလျှင် အာရုံကြောများ အဆုံးသတ်ရာ နေရာ ငါးနေရာ ရှိပါသည်။ ၎င်းတို့မှာ....

၁။ မျက်စိ ၂။ နား ၃။ နှာခေါင်း ၄။ လျှာ ၅။ ကိုယ် တို့ဖြစ်ပါသည်။

**မျက်စိနှင့် မြင်သိစိတ်ခန္ဓာငါးပါး။** အာရုံကြော အဖျားဆုံးပိုင်းနေရာ မြင်လွှာ လေးသည် သန်းဦးခေါင်း နှင့်တူကာ အရွယ်ပမာဏမှာ အလွန်သေးငယ်လှပါသည်။ မျက်စိ ဖြင့် မည်သည့် အရာဝတ္ထုကိုမဆို ကြည့်လျှင် အဆင်းလိုင်းလေး သည်သာ အလင်းတန်းအသွင်ဖြင့် မြင်လွှာ မှတဆင့် အာရုံကြော ကိုလာထိခြင်းဖြစ်သည်။ ထိုနေရာတွင် လျှပ်စစ် နှင့်တူသော စိတ်စေတသိက် တို့ပေါင်းဆုံပြီး ပင်မဖြစ်သော နှလုံးအိမ် သို့ **ကာလမခြား** သွားရောက်ဆွဲကိုင်၍ မြင်သိစိတ်ဖြစ်ပေါ်တော့သည်။ "**ကာလမခြား**" ဆိုသည့်အဓိပ္ပါယ်မှာ "**တပြိုင်နက်**" မဟုတ်ပါ။ ပဋ္ဌာန်းတရားတော် တွင်မူ "**အနန္တရ ပစ္စည်း**"ဟုခေါ်ပါသည်။

**နားနှင့်ကြားသိစိတ်ခန္ဓာငါးပါး။** နား တွင်လည်း အာရုံကြောအဆုံးပိုင်း ၌ ကြေးနီ လက်စွပ် ကွင်း ကဲ့သို့ပမာဏရှိသော အမွှေးလိမ်လေး ရှိပါသည်။ ၎င်းသည် ဂုရှည်နှင့်တူသော ပြွန်ခေါင်း သဖွယ်လည်းဖြစ်ပါသည်။ မည်သည့် အသံ ပဲကြားကြား အသံလိုင်း ကသာ ထို ပြွန်ခေါင်း အတွင်း ရိုက်ခတ်သွားကာ အာရုံကြောကိုသွားထိပါသည်။ ဝါယာကြိုးတွင် လျှပ်စစ်ဓါတ်စီး သကဲ့သို့ဖြစ်ပါသည်။ ထိုအခါ အသံလိုင်း ဟူသော ရုပ် နှင့် စိတ်စေတသိက် ဟူသော နာမ်လေးပါး ပေါင်းလောင်၍ "ဖဿ" ဖြစ်ပေါ်လာသည်။ "**တစ်ပေါင်းတည်းဖြစ်၍ တစ်ပေါင်း တည်းချုပ်ပါသည်**"။ ထိုမှတဆင့် "ကာလမခြား" မနှော သို့ပို့ပြီး ပုံရိပ် ကိုဖွဲ့ပါသည်။

ဥပမာ - "ဆင်" ဟူသော အသံ ကိုကြားသည်နှင့် အသံ မဆုံးခင်မှာပင် ဆင် ပုံရိပ် တန်းပေါ်နေပါသည်။

မြတ်စွာဘုရားရှင် ၏ ဝီထိ ပိုင်းနှင့် ပောကြားချက်အရ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် မှာပေါ်တာသည် **ပဉ္စဒွါရဝီထိ** ဖြစ်ပြီး မနောမှာပေါ်တာသည် **နောက်လိုက်မနောဝီထိ** ဟုခေါ်ပါသည်။ ကာလမခြား အလွန်လျှင်မြန်စွာဖြစ်ခြင်းဖြစ်သည်။

**နှာခေါင်းနှင့် နံသိစိတ်ခန္ဓာငါးပါး။** နှာခေါင်း တွင် ဆိတ်ခွာ သဏ္ဍာန် အကြည်ဓါတ် အာရုံကြော စုဝေးရာ နေရာရှိပါသည်။ ထိုနေရာတွင် အနံ့ ကလာတိုက်သောအခါ ရုပ်၊ နာမ်လေးပါး ပေါင်းလောင်း၍ "ဖဿ" ဖြစ်ပေါ်လာသည်။ ထိုမှတဆင့် "ကာလမခြား" မနော သို့ပို့ပြီး ပုံရိပ် ကိုဖွဲ့ပါသည်။

**လျှာနှင့် စားသိစိတ်ခန္ဓာငါးပါး။** လျှာ ပေါ်၌ ကြာရွက် သဏ္ဍာန် အကြည်ဓါတ် အာရုံကြော စုဝေးရာ နေရာရှိပါသည်။ ထိုနေရာတွင် အရသာ ကလာတိုက်သောအခါ ရုပ်၊ နာမ်လေးပါး ပေါင်းလောင်း၍ "ဖဿ" ဖြစ်ပေါ်လာသည်။ ထိုမှတဆင့် "ကာလမခြား" မနော သို့ပို့ပြီး ပုံရိပ် ကိုဖွဲ့ပါသည်။

**ကိုယ်နှင့် ထိသိစိတ်ခန္ဓာငါးပါး။** မိမိတို့၏ ခန္ဓာကိုယ်သည် အတုံးအခဲ မဟုတ်ပါ။ အနုကြည့် မှန်ပြောင်း ဖြင့်ကြည့်လျှင် ရေပြင်ညီမှာ မိုးရွာသောအခါ ထထပွက် သည့်ပုံနှင့်တူပါသည်။ သိပ္ပံ ပညာရှင်များ ကိုယ်တိုင် မရေတွက်နိုင်သော ဆဲလ် များပျက်စီးနေသည် ကို အံ့သြဖွယ် တွေ့ရပါသည်။ ဘုရားရှင်ကမူ မျက်တောင်တစ်ခတ်ကာလမှာ ကုဋေပေါင်း ငါးထောင်ကျော် နန်း ပျက်စီးနေသည် ကိုရေတွက်နိုင်ခဲ့သည်။ (ပင်ပန်းလျှင် ခြောက်ထောင်နားကပ်သွား၍ ငြိမ် နေလျှင် ငါးထောင်နား ပြန်ကပ်လာသည်)။ဤသို့မပြတ် ပျက်စီးနေကာ အသစ်အသစ်များက အစားထိုးနေခြင်းဖြစ်သည်။

အရေးကြီးသည့် အချက်မှာ ဝိပဿနာသမားများသည် အဖေ၊အမေ မွေးသည့် ခန္ဓာ ကိုရှု ရန်မဟုတ်ပါ။ အာရုံ၊ ဒွါရ တိုက်ချိန် သိတစ်ချက်မှာ ရုပ်နှင့်နာမ်လေးပါး ပေါင်းစပ်လို့ ဖြစ်ပေါ် လာသည့် ခန္ဓာငါးပါး ဆိုသည့် ခန္ဓာ၊ အပေါင်းအစု ကို ရှုမှတ်ရမှာဖြစ်ပါသည်။

အထက်တွင်ဖေါ်ပြထားသည့်အတိုင်း မည်သည့် ဒွါရ တိုက်တိုက် မနော တွင် ပုံရိပ် ထင်ကာ၊ ၎င်းကိုနောက်စိတ်က ဆက်၍ဆက်၍ ဖွဲ့သောအခါ ရုပ်မှန်လေးများသည် အစားထိုး ဖြည့်ကာ၊ ဖြည့်ကာဖြင့် ရုပ်ရှင်ပြသကဲ့သို့ အသက်ဝင်လာတော့သည်။ ရုပ်ရှင် ဖလင်ကွက်၊ ပုံသေလေးများကို မှန်ဘီးလူးရှေ့အလင်းတန်းတွင် တစ်စက္ကန့်လျှင် နှစ်ဆယ့်လေးပုံ လှည့် သောအခါ ပိတ်ကားပေါ်၌ အသက်ဝင်လှုပ်ရှားလာသည်။ သည်သဘောအတိုင်း ဆက်ပြီးတွေး သောအခါ လှုပ်ရှားမှုများသည် မနောတွင် အသက်ဝင်၊ အကောင်အထည်ဖြစ်ကာ အမူအရာပါ ပေါ်လာတော့သည်။ ဤသို့ဖြစ်ခြင်းကို "**စိတ် ကျက်စားခြင်း**" ဟုခေါ်သည်။

ဒီပဲယင်းဆရာတော်ဘုရားကြီး၏သြဝါဒ တွင် **ဤသို့ တွေးဆဲ၊ ကျက်စားဆဲ ကာလ၌ အရသာ နှင့်တူသော တေဇော၊ ဝါယော ဓါတ်များ ထွက်လာသည်** ဟုဆို၏။ **တေဇောဓါတ် တွင် အပူ၊ အအေး နှစ်မျိုးရှိပြီး ဝါယောဓါတ် ကိုမူ အဟုန်ဓါတ် ဟု ဆို၏။ ဒီ နှစ်ခုပေါင်းလျှင် အပူဓါတ်အဟုန် သော်လည်းကောင်း၊ အအေးဓါတ်အဟုန် သော်လည်းကောင်း၊ ထွက်၏ ဟုဆို၏။**

**စိတ် နှင့် အာရုံ အဆင်ပြေလျှင် အအေးဓါတ်အဟုန် စိမ့်ထွက်ပါသည်။ အဆင်မပြေ လျှင် အပူဓါတ်အဟုန် စိမ့်ထွက်ပါသည်။ အအေးဓါတ်အဟုန် စိမ့်ထွက်ခြင်းကို "ကုသိုလ်ဓါတ်" ဟု သတ်မှတ်ပါသည်။ အပူဓါတ်အဟုန် ထွက်ပါက "အကုသိုလ်ဓါတ်" ဟု သတ်မှတ်ပါသည်။**

သတ္တဝါများကို မေတ္တာထားပြီး မသတ်လျှင် ရင်ထဲ အေးပါသည်။ သူများ ပစ္စည်းကို ကိုယ်ချင်းစာ ပြီး မခိုးမဝှက်ပဲ မေတ္တာထားလျှင် ရင်ထဲအေးပါသည်။ ငါးပါးသီလ စောင့်ထိန်းလျှင်လည်း သီလကုသိုလ်ရပြီး အအေးဓါတ်ထွက်ပါသည်။ ဒါန၊ ဘာဝနာ- ဘုရားဂုဏ်တော်ပွါးနေလျှင်လည်း အအေးဓါတ်ထွက်ပါသည်။ ကုသိုလ်ဓါတ် သဘောများဖြစ်ပါသည်။

ယခုခေတ် နှစ်လုံးထီသမားတို့သည် ပေါက်မည်ထင်၍ ထိုးလိုက်ပြီး ထွက်တဲ့အချိန်မှာ မပေါက်လျှင် အပူဓါတ်ထွက်ပါသည်။ အကုသိုလ်ဓါတ်သဘော ဖြစ်ပါသည်။

စံကင်းဆရာတော်ဘုရားကြီး၏ ဆုတောင်းခန်းတွင် "**ဘယ်လိုအာရုံလာလာ၊ ကုသိုလ်ဓါတ် ဖြစ်ပွါးအောင် ပွါးများနိုင် တဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏**" ဟုတွေ့ရပါသည်။ တစ်နည်း ရဟန္တာ ဆုကိုတောင်းခြင်းဖြစ်ပါသည်။

ယောဆရာတော်ဘုရားကြီးကလည်း " **လောကမှာနေရင်ကွယ်၊ စိတ်နဲ့ အာရုံ အဆင်ပြေအောင် နေတတ်ဖို့အရေးကြီးပါတယ်**" ဟု ဆုံးမပါသည်။

ကုသိုလ်ဓါတ်အကြောင်း

↓

စကားမပြော

↓

အရသာ | ကိုင်တွယ်၍မရ

↓

မျက်စိနှင့်မမြင်ရ

↓

ခံစားမှုနှင့်သိနိုင်

↓

စိတ်ကအာရုံကို ကျက်စားချိန်
စိတ် မှီသောဘဝင်၌

↓

စိတ်နှင့်အာရုံအဆင်ပြေချိန်

↓

အအေးဓါတ်အဟုန်

မိမိ တို့သည် သံသရာ၌ကျင်လည်နေသမျှ ကာလပတ်လုံး ကုသိုလ် နှင့် အကုသိုလ် နှစ်မျိုးအနက် တစ်မျိုးမျိုးကိုပြုလုပ်နေကြရသည်။ ကုသိုလ် အလုပ်ဖြစ်ချင်ဖြစ်မည်၊ အကုသိုလ် အလုပ်ဖြစ်ချင်ဖြစ်မည်၊ နှစ်မျိုးအနက် တစ်မျိုးမျိုးသာဖြစ်၏။ ကြားအလုပ်ဟူ၍မရှိပါ။ မလုပ်ပဲ လည်းရှောင်လွှဲ၍မရ။ သတ္တဝါတို့၏ သဏ္ဍာန်၌ ကုသိုလ်စိတ် နှင့် အကုသိုလ် စိတ် နှစ်မျိုးအနက် တစ်မျိုးမျိုးသည် အမြဲတစေဖြစ်နေကြသည်။

မိမိတို့သည် ကုသိုလ်ဓါတ်၊ အကုသိုလ်ဓါတ်သဘော များကို ကောင်းစွာ နားလည်လျှက်၊ မိမိ စိတ်ကို အချိန်တိုင်းဆန်းစစ် နိုင်ကာ အတတ်နိုင်ဆုံး ကုသိုလ်ဓါတ်တရားများနှင့် နေထိုင်နိုင် အောင် ကြိုးစားကြဖို့ ဆန္ဒပြု တိုက်တွန်းလိုက်ရပါသည်။

မှတ်ချက်။ ဦးရွှေအောင်၏ ကုသိုလ် နှင့် အကုသိုလ် စာအုပ် မှ ကောက်နှုတ်ချက် တချို့နှင့် ကျေးဇူးတော်ရှင် မိုးညှင်းသိဂ်ီ ဆရာတော် ၏ ဟောစဉ် အားအဓိကထား၍ မှီငြမ်းရေးသား ပါသည်။

မေတ္တာဖြင့်
စီစီချိုသန်း
ဧပြီလ(၂၆)ရက်၊၂၀၀၉